# 7 Essential iPad tips



## 1 Bookmark များ sync လုပ်ခြင်း

iPad ရဲ့ Safari bookmark တွေနဲ့ ကိုယ့်ရဲ့ PC web browser ရဲ့ bookmark တွေကို iTunes သုံးပြီးတော့ sync လုပ်လို့ရပါတယ်။ iTunes ထဲက iPad tab ထဲက Info tab ကို နှိပ်ပါ။ Other ဆိုတဲ့ ခေါင်းစဉ်ကို တွေ့တဲ့အထိ scroll လုပ်ပြီး sync bookmark with ဆိုတာကို အမှန်ခြစ်ပြီး ကိုယ် sync လုပ်ချင်တဲ့ browser ကို ရွေးပေးလိုက်ပါ။

## 2 ဓာတ်ပုံများ mail ပို့ခြင်း

iPad ကနေတစ်ဆင့် ဓာတ်ပုံတွေကို အလွယ်ဆုံး နည်းနဲ့ mail ပို့လို့ရပါတယ်။ Photo app ကိုဖွင့်လိုက်ပြီး ဓာတ်ပုံတစ်ပုံကို ရွေးလိုက်ပါ။ ညာဘက်အပေါ်ထောင့်က (ညာဘက်ကိုလှည့်နေတဲ့မြားပုံစံ) ခလုတ်ကိုဖိလိုက်ပါ။ ပြီးရင် Email Photo ... ကို ရွေးပြီး ပို့ချင်တဲ့ဆီကို ပို့လို့ရပါပြီ။

## 3 Web link များ စစ်ဆေးခြင်း

Link ချိတ်ထားတဲ့ word တွေရဲ့ တကယ့် URL ကိုစစ်ဖို့ဆိုရင် အဲဒီ link ကို touch လုပ်ပြီး hold down လုပ်ထားလိုက်ရုံပါပဲ။




## 4 Email attachment အတွက် app ရွေးချယ်ခြင်း

ကိုယ်က mail ထဲက attach ကို tap လုပ်ပြီးဖွင့်လို့ရပါတယ်။ ဒါပေမဲ့ default app က ကိုယ်ဖွင့်ချင်တဲ့ app မဟုတ်တဲ့အခါမှာ တခြား app ကို ရွေးချယ်လို့ရစေမယ့် menu မပေါ်လာမချင်း attachment ကို ဖိပြီး hold လုပ်ထားလိုက်ပါ။



## 5 iPad ကို picture frame အဖြစ်သုံးခြင်း

iPad ကို တကယ့် ဓာတ်ပုံမှန်ဘောင်အဖြစ် အသုံးပြုဖို့ ပြောနေတာမဟုတ်ပါဘူး။ ကိုယ့်ရဲ့ iPad ကို lock လုပ်ထားတဲ့အချိန်မျိုးမှာဆိုရင် lock screen ရဲ့ အောက်ညာဘက်ထောင့်က picture icon ကို နှိပ်ပြီးတော့ ဓာတ်ပုံတွေကို slideshow အဖြစ် ပြထားလို့ရနိုင်ပါတယ်။

## 6 Podcast များ share လုပ်ခြင်း

Podcastတစ်ခုကို နားထောင်ရင်း ကိုယ့်ရဲ့သူငယ်ချင်းလည်း ကြိုက်လောက်မယ်ထင်တာကြောင့် ပို့ချင်တာမျိုး ဖြစ်မိကြမှာပါ။ ကိုယ်လက်ရှိ နားထောင်နေဆဲ podcast တစ်ခုကို ဖွင့်ထားလျက်နဲ့ email button ကို press လုပ်ပြီး share နိုင်ပါတယ်။

## 7 Download ရနိုင်တာတွေ လွတ်မသွားစေဖို့

iTunes account က ကုန်တော့မှာဖြစ်ပြီး ကိုယ်ရဖို့ download တွေကလည်း ရှိနေသေးတဲ့အချိန်ဆိုရင် PC က iTunesကို ဖွင့်ပြီးတော့ Store menu ထဲက Check for available donwnload ဆိုတာကို ရွေးထားလိုက် နိုင်ပါတယ်။ ဒါဆိုရင်တော့ download process ကို နှောင့်ယှက်ခံလိုက်ရတာပဲဖြစ်ဖြစ်၊ အပိုရနိုင်မယ့် download တွေကို မရတော့တာမျိုးပဲဖြစ်ဖြစ် ဖြစ်မှာပူစရာ မလိုတော့ပါဘူး။




## 8 Wi-Fi Network ကို မေ့သွားအောင်

ကိုယ့်ရဲ့ iPad က network တစ်ခုကို တစ်ခါချိတ်ဆက်ဖူးတာနဲ့ တစ်သက်လုံး မေ့မသွားတော့ပါဘူး။ တကယ်လို့ ကိုယ်ကအဲဒါမျိုးကို မကြိုက်ဘူးဆိုရင် လုပ်လို့ရနိုင်တာတစ်မျိုးရှိပါတယ်။ iPad ရဲ့ settings ထဲက Wi-Fi ထဲက choose a network ထဲမှာ ကိုယ်ဖျက်ချင်တဲ့ network ကိုရှာပါ။ ပြီးရင် အဲဒီ networkရဲ့ ဘေးမှာရှိတဲ့ အပြာရောင် မြှားလေးကို tap လုပ်ပါ။ ပြီးရင်တော့ forget this network ဆိုတဲ့ ထိပ်ပိုင်းက ခလုတ်ကိုနှိပ်ရင် ရပါပြီ။